ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၀ )　　၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်

## မာတိကာစဉ်


၁။ မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသော သဘော်သားစုဆောင်းခြင်းနှင့် အလုပ်အကိုင် နေရာချထားခြင်းဆိုင်ရာ ညွှန်ကြားချက်နှင့်စပ်လျဉ်း၍ သိကောင်းစရာ။ ၂ - ၄

၂။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအရ ကလေးသူငယ်ကို မွေးစားခြင်းအကြောင်း သိကောင်းစရာ။ ၅ - ၇

၃။ တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံတို့သည် Upgrade ပြုလုပ်ခဲ့သည့် လွတ်လပ်သောကုန်သွယ်မှုဆိုင်ရာသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ခြင်းနှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း။ ၈ - ၉

၄။ နိုင်ငံပိုင်နက်ရေပြင် ပြင်ပရှိ ပင်လယ်ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့စွာ အသုံးပြုခြင်းဆိုင်ရာ သဘောတူစာချုပ် (Agreement on Marine Biological Diversity of Areas Beyond National Jurisdiction – BBNJ Agreement) အာဏာသက်ဝင်လာခြင်း။ ၁၀-၁၃

၅။ အိန္ဒိယနိုင်ငံ Madras တရားလွှတ်တော်က အိန္ဒိယဥပဒေအရ cryptocurrency ကို တရားဝင်ပိုင်ဆိုင်မှုအဖြစ် အသိအမှတ်ပြုကြောင်း အမိန့်ချမှတ်ခဲ့ခြင်း။ ၁၄-၁၅

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၀ )            ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသောသဘော်သားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းဆိုင်ရာညွှန်ကြားချက်နှင့်စပ်လျဉ်း၍ သိကောင်းစရာ

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) ၌ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို တတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ၊ အလုပ်သမားများအတွက် အပိုထောက်ပံ့ကြေးငွေ သတ်မှတ်ကြေညာခြင်း၊ ပြည်ပမှ တင်သွင်းသည့်ကုန်ပစ္စည်းများအား ခွင့်ပြုချက်၊ သတ်မှတ်ချက်တို့နှင့်ဆန့်ကျင်ကွဲလွဲ၍ တင်သွင်းခြင်းအပေါ် အရေးယူဆောင်ရွက်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ဒုတိယအကြိမ်ပြင်ဆင်သည့်လုပ်ထုံးလုပ်နည်းများ၊ မြန်မာစံချိန်စံညွှန်းအမှတ်တံဆိပ်(MMS Standard Mark) သတ်မှတ်ခြင်း၊ သဘော်သားစုဆောင်ခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းဆိုင်ရာညွှန်ကြားချက်တို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၅ ဖြင့် ထုတ်ပြန်ခဲ့သော သဘော်သားစုဆောင်းခြင်းနှင့်အလုပ်အကိုင်နေရာချထားခြင်းဆိုင်ရာ ညွှန်ကြားချက်နှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် သဘော်သားစုဆောင်းခြင်းနှင့်အလုပ်အကိုင်နေရာချထားခြင်းတို့အတွက် သဘော်သားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရေးအတွက် လိုင်စင်လျှောက်ထားခြင်းကိစ္စများ၊ သဘော်သားစုဆောင်းခြင်း နှင့် အလုပ်အကိုင်နေရာချထားခြင်း လုပ်ငန်းဆောင်ရွက်ရာတွင်တာဝန်ယူရမည့်ကိစ္စရပ်များနှင့် လိုက်နာ

ဆောင်ရွက်ရမည့်ကိစ္စများဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို ညွှန်ကြားထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်ကို တွေ့ရှိရပါသည်။

ယင်းညွှန်ကြားချက်ပါစကားရပ်များသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေပါ စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်ဖြစ်ပြီး သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးသည့်သက်တမ်းရှိသော လိုင်စင်ကို ကိုင်ဆောင်၍ သင်္ဘောသားများကိုစုဆောင်းခြင်း သို့မဟုတ် အလုပ်နေရာချထားခြင်း ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကိုဆိုကြောင်း၊ လိုင်စင်ဆိုသည်မှာ ဦးစီးဌာနက ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအား သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင် နေရာချထားခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ကို ငါးနှစ်သက်တမ်းကာလအတွင်း လုပ်ကိုင်နိုင်ရန် ထုတ်ပေးထားသော လက်မှတ်ကို ဆိုကြောင်း၊ ယာယီလိုင်စင်ဆိုသည်မှာ ဦးစီးဌာနကကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအား သင်္ဘောသား စုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ကို သတ်မှတ်ထားသည့် နှစ်နှစ်သက်တမ်းကာလအတွင်း ကနဦးအနေဖြင့်လုပ်ကိုင်နိုင်ရန် ယာယီထုတ်ပေးထားသောလက်မှတ် ကိုဆိုကြောင်းစသည်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ထားပါသည်။

သင်္ဘောသားစုဆောင်းခြင်းနှင့်အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းလိုင်စင်ကို လျှောက်ထားလိုသောကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ထားသောကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ရရှိပြီးဖြစ်ခြင်း၊ ဦးစီးဌာနက သတ်မှတ်ထားသော အာမခံအတွက် အာမခံစပေါ်ငွေကို ပေးသွင်းနိုင်ခြင်း၊ မြန်မာသင်္ဘောသားများအား အမှန်တကယ် အလုပ်ရှာဖွေပေးနိုင်မှုရှိရမည်ဖြစ်ပြီး ဦးစီးဌာန၏သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်မှုရှိခြင်းတို့နှင့်ပြည့်စုံပါက လျှောက်ထားနိုင်ကြောင်း သိရှိရပါသည်။

ဦးစီးဌာနသည် သတ်မှတ်ချက်များနှင့်ပြည့်စုံကိုက်ညီသည့် လျှောက်ထားခြင်းများအတွက် အာမခံစပေါ်ငွေနှင့် ယာယီလိုင်စင်အတွက် သတ်မှတ်လိုင်စင်ကြေးပေးသွင်းစေ၍ ယာယီလိုင်စင်ကို

သက်တမ်းနှစ်နှစ်အထိ ထုတ်ပေးနိုင်ကြောင်း၊ သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းသည် ယာယီလိုင်စင်ကိုင်ဆောင်ထားစဉ်ကာလအတွင်း ဦးစီးဌာနက သတ်မှတ်ထားသည့်စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်ခြင်းရှိကြောင်း ကျေနပ်ဖွယ်တွေ့ရှိပါက ယာယီလိုင်စင်သက်တမ်းကုန်ဆုံးချိန်တွင် လိုင်စင်အတွက် သတ်မှတ်လိုင်စင်ကြေးပေးသွင်းစေ၍ လိုင်စင်ထုတ်ပေးရမည်ဖြစ်ကြောင်း သိရှိရပါသည်။

သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်း လိုင်စင်လျှောက်ထားခြင်းအတွက် လိုင်စင်ကြေးကို ဦးစီးဌာနမှတစ်ဆင့် နိုင်ငံတော်သို့ ပေးသွင်းရမည်ဖြစ်ပါသည်။ ယာယီလိုင်စင်အတွက် လိုင်စင်ကြေးမှာ ၅၀၀,၀၀၀ကျပ်ဖြစ်ပြီး လိုင်စင်အတွက် လိုင်စင်ကြေးမှာ ၂,၅၀၀,၀၀၀ ကျပ် ဖြစ်ပါသည်။

သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းသည် ဦးစီးဌာနမှ ယာယီလိုင်စင်ထုတ်ပေးရန် ခွင့်ပြုချက်ရရှိပါက အာမခံစပေါ်ငွေကျပ် ၅,၀၀၀,၀၀၀ ကို ဦးစီးဌာန၏ ငွေစာရင်း၌ပေးသွင်း၍ စပေါ်တင်ထားရမည်ဖြစ်ပါသည်။

သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းသည် ဦးစီးဌာနမှ လိုင်စင်ထုတ်ပေးရန်ခွင့်ပြုချက်ရရှိပါက မြန်မာနိုင်ငံရေကြောင်းလောက ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာသင်္ဘောသားများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိရေးနှင့် သင်္ဘောသားလူမှုဖူလုံရေးကိစ္စရပ်များအတွက် သတ်မှတ်ထားသည့်ရန်ပုံငွေကို ထည့်ဝင်ရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သင်္ဘောသားစုဆောင်းခြင်းနှင့်အလုပ်အကိုင်နေရာချထားခြင်းဆိုင်ရာညွှန်ကြားချက်နှင့်စပ်လျဉ်း၍ အသေးစိတ် လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ<br>
ဝန်ကြီးရုံး<br>
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၀ )          ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအရ ကလေးသူငယ်ကို မွေးစားခြင်းအကြောင်း သိကောင်းစရာ

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ၂၀၁၉ခုနှစ်က ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၂၂ ဖြင့်ပြဋ္ဌာန်းခဲ့ပြီး ကလေးသူငယ်ကိုမွေးစားခြင်းနှင့်စပ်လျဉ်း၍ အခန်း ၈ ၌ ပုဒ်မ ၂၅ မှ ၃၂ ထိ ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပြီး ယင်းဥပဒေပုဒ်မ ၃(ခ) အရ ကလေးသူငယ်ဆိုသည်မှာ အသက် ၁၈ နှစ် မပြည့်သေးသောသူကိုဆိုကြောင်း ပြဋ္ဌာန်းထားသဖြင့် ဤဥပဒေအရ ကလေးသူငယ် မွေးစားခြင်းသည် အသက် ၁၈ နှစ် မပြည့်သေးသောကလေးသူငယ်များကို မွေးစားခြင်းနှင့်သာ သက်ဆိုင်ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံသားတစ်ဦးသည် ကလေးသူငယ်ကို မိဘအရင်းသဖွယ်ပြုစုစောင့်ရှောက်နိုင်ပါက သတ်မှတ်ချက်များနှင့်အညီ မွေးစားပိုင်ခွင့်ရှိပြီး ထိုသို့မွေးစားခြင်းကို မှတ်ပုံတင်ရန် လူမှုဝန်ထမ်း ဦးစီးဌာနက တာဝန်ပေးသူ သက်ဆိုင်ရာမွေးစားခြင်းမှတ်ပုံတင်လူမှုဝန်ထမ်းအရာရှိထံ လျှောက်ထား နိုင်ပါသည်။

မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် သက်ဆိုင်ရာမွေးစားခြင်းမှတ်ပုံတင်လူမှုဝန်ထမ်းအရာရှိထံ အောက်ဖော်ပြပါကလေးသူငယ်ကို မှတ်ပုံတင်၍ မွေးစားခွင့်ပြုရန် လျှောက်ထားနိုင်ပါသည်-

(က) မိဘမဲ့ကလေးငယ်

(ခ) မိဘကပြုစုစောင့်ရှောက်နိုင်ခြင်းမရှိသော ကလေးသူငယ် သို့မဟုတ် မိဘက ပြုစုစောင့်ရှောက်သော်လည်း ကလေးသူငယ်၏အကောင်းဆုံးအကျိုးစီးပွားများကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသဖြင့် မိဘ၏သဘောတူညီချက်ရရှိသော ကလေးသူငယ်၊

(ဂ) မိဘ သို့မဟုတ် အုပ်ထိန်းသူနှင့်အမြဲတမ်းကွဲကွာနေသည့်အပြင် ဆွေမျိုးသားချင်းကလည်း ပြုစုစောင့်ရှောက်ခြင်းမရှိသော ကလေးသူငယ်၊

(ဃ) လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍သတ်မှတ်သော အခြားကလေးသူငယ်တို့ဖြစ်ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၀ ) ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်

ကလေးသူငယ်ကို မွေးစားလိုသူသည် လူမှုဝန်ထမ်းအရာရှိထံတွင် မွေးစားခြင်းမှတ်ပုံတင်၍ မွေးစားခြင်းမပြုဘဲ သက်ဆိုင်ရာစာချုပ်စာတမ်းမှတ်ပုံတင်တွင် တည်ဆဲကိတ္တိမမွေးစားခြင်း မှတ်ပုံတင်အက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မွေးစားစာချုပ်ကို မှတ်ပုံတင်၍ မွေးစားနိုင်သကဲ့သို့ ယင်းမွေးစားစာချုပ်ကို မှတ်ပုံတင်သည့်နေ့မှ ၃၀ ရက်အတွင်း စာချုပ်မိတ္တူကို သက်ဆိုင်ရာမွေးစားခြင်းမှတ်ပုံတင်လူမှုဝန်ထမ်းအရာရှိထံ ပေးပို့အကြောင်းကြားရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအရ သက်ဆိုင်ရာမွေးစားခြင်း မှတ်ပုံတင်လူမှုဝန်ထမ်းအရာရှိသည် မွေးစားခွင့်ပြုရန်လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်ပြီး ခွင့်ပြုပါက မွေးစားလိုသူအား သတ်မှတ်ချက်များနှင့်အညီ မွေးစားစာချုပ်ချုပ်ဆိုစေပြီး ယင်းစာချုပ်ကိုသက်ဆိုင်ရာလူမှုဝန်ထမ်းဦးစီးမှူးရုံးတွင် မှတ်ပုံတင်ရမည် ဖြစ်ပါသည်။

ကိတ္တိမမွေးစားခြင်းမှတ်ပုံတင်အက်ဥပဒေအရ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သည့် ကလေးသူငယ်မွေးစားခြင်းစာချုပ်နှင့် လူမှုဝန်ထမ်းအရာရှိထံတွင် မွေးစားခြင်းမှတ်ပုံတင်သည့် ကလေးသူငယ်မွေးစားခြင်းစာချုပ်တို့အရ မွေးစားမိဘများသည် ကလေးသူငယ်ကို ပြုစုစောင့်ရှောက်မှု အခြေအနေနှင့်ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မွေးစားခြင်း မှတ်ပုံတင်လူမှုဝန်ထမ်းအရာရှိထံသို့အစီရင်ခံရမည့်အပြင် လူမှုဝန်ထမ်းဦးစီးဌာနက သတ်မှတ်သော တာဝန်နှင့်စည်းကမ်းချက်များကို လိုက်နာရမည်ဖြစ်ပါသည်။

သက်ဆိုင်ရာမွေးစားခြင်းမှတ်ပုံတင်လူမှုဝန်ထမ်းအရာရှိသည် မွေးစားမိဘက မွေးစားခြင်း ဆိုင်ရာတာဝန်နှင့်စည်းကမ်း သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း ရှိ မရှိ သတ်မှတ်ချက်များနှင့်အညီ စုံစမ်းခြင်း၊ စောင့်ကြည့်ခြင်း၊ လိုအပ်ပါက စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ပြီး ယင်းတို့ကိုဖောက်ဖျက်ကြောင်းတွေ့ရှိရပါက မွေးစားခြင်းကို ပယ်ဖျက်သင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် လူမှုဝန်ထမ်းဦးစီးဌာနသို့တင်ပြသည့်အခါ လူမှုဝန်ထမ်းဦးစီးဌာနသည်

ယင်းသို့တင်ပြချက်ကိုစိစစ်ပြီး မွေးစားခြင်းကိုပယ်ဖျက်သည့်အမိန့် သို့မဟုတ် အခြားသင့်လျော်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ချမှတ်နိုင်ပါသည်။

သို့ရာတွင် လူမှုဝန်ထမ်းအရာရှိထံတွင် မွေးစားခြင်းမှတ်ပုံတင်သည့် ကလေးသူငယ်မွေးစားခြင်း စာချုပ်ကို ပယ်ဖျက်နိုင်ရေးလွယ်ကူသော်လည်း ကိတ္တိမသားသမီးအဖြစ် စာချုပ်စာတမ်းမှတ်ပုံတင် ရုံးတွင်မှတ်ပုံတင်၍ မွေးစားခဲ့သည့်မွေးစားစာချုပ်ကို လူမှုဝန်ထမ်းမှတ်ပုံတင်အရာရှိက ပယ်ဖျက် နိုင်ရေးနှင့်စပ်လျဉ်း၍ သီးခြားတရားတစ်ထုံးစွဲဆိုရန် လိုအပ်နိုင်ဖွယ်ရာရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

ဤဥပဒေအရ ကလေးသူငယ်အားမွေးစားခြင်းကို မှတ်ပုံတင်ပြီးလျှင် မွေးစားခြင်းမပြုမီက မိဘ၊အုပ်ထိန်းသူများတွင်ရှိခဲ့သောအခွင့်အရေးများနှင့်တာဝန်များသည် ရပ်ဆိုင်းပြီး ယင်းအခွင့်အရေး များနှင့်တာဝန်များသည် မွေးစားမိဘထံလွှဲပြောင်းပေးပြီးဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သည်။ မွေးစား ခံရသည့်ကလေးသူငယ်သည် မွေးစားမိဘနှင့်သက်ဆိုင်သည့် ဥပဒေ၊ ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ မွေးစားမိဘ၏အမွေဆက်ခံရန် အခွင့်အရေးနှင့်အခြားအခွင့်အရေးများရရှိကြောင်း သိရှိရပါသည်။

တရားမဆိုင်ရာအမှုလိုက်ဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၀ ) ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်

## တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံတို့သည် Upgrade ပြုလုပ်ခဲ့သည့် လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ခြင်းနှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း

တရုတ်နိုင်ငံနှင့်အာဆီယံတို့သည် Upgrade ပြုလုပ်ခဲ့သည့် တရုတ်-အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဧရိယာဆိုင်ရာ(CAFTA) နောက်ဆက်တွဲစာချုပ် (Protocol)ကို ကွာလာလမ်ပူမြို့၌ ၂၇-၁၀-၂၀၂၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ဒေသတွင်းစီးပွားရေးပေါင်းစည်းမှု၏ နောက်ဆုံး ခြေလှမ်းအဖြစ် မှတ်ယူရမည်ဖြစ်ပါသည်။

Protocol ကို တရုတ်နိုင်ငံ၏စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Wang Wentao နှင့် အာဆီယံစီးပွားရေးဝန်ကြီးများလက်မှတ်ရေးထိုးခဲ့ကြပြီး ၂၀၁၀ ခုနှစ်တွင် စတင်အကျိုးသက်ရောက် ခဲ့သောမူဘောင်ကို update ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ တရုတ်နိုင်ငံ၏စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ပြောကြားချက်အရ မူဘောင်ကို upgrade ပြုလုပ်ရာတွင် ဒစ်ဂျစ်တယ် စီးပွားရေး၊ အစိမ်းရောင်စီးပွားရေး၊ ထုတ်လုပ်မှုစဉ်ဆက်မပြတ်ရှိစေရေး၊ ပြိုင်ဆိုင်မှုမူဝါဒနှင့် အသေးစား၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ပံ့ပိုးကူညီမှုစသည်ဖြင့် နယ်ပယ် ၉ ခုတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် တိုးချဲ့ခဲ့ခြင်းဖြစ်ပါသည်။

တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံတို့အကြား အင်္ဂါနေ့တွင် ကျင်းပပြုလုပ်ခဲ့သည့်ကဏ္ဍာ ပေါင်းစုံအစည်းအဝေး၌ upgrade ပြုလုပ်ခဲ့သည့်သဘောတူညီချက်သည် အရည်အသွေးမြင့်မားသော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အလမ်းသစ်များဖန်တီးပေးမည်ဖြစ်ကြောင်း တရုတ် ဝန်ကြီးချုပ် Li Qiangက ပြောကြားခဲ့ပါသည်။ ၎င်းမှထပ်မံပြောကြားသည်မှာ တစ်ဖက်သတ်ဆန်သည့် ဝါဒနှင့်ပြည်တွင်းလုပ်ငန်းများကို ပြည်ပယှဉ်ပြိုင်မှုမှ ကာကွယ်ပေးသည့်ဝါဒတို့သည် နိုင်ငံတကာ စီးပွားရေးအစီအစဉ်ကို ပြင်းထန်စွာသက်ရောက်မှုရှိနိုင်ပြီး အချို့နိုင်ငံများ၏ပုံမှန်မဟုတ်သော အခွန် စည်းကြပ်မှုများကြောင့် ဒေသတွင်းတွင် ပြည်ပဝင်ရောက်စွက်ဖက်မှုများမြင့်တက်လာနိုင်သည်ဟု မှတ်ချက်ပြုခဲ့ပါသည်။

နိုင်ငံရေးပြဿနာများဖြစ်ပေါ်ခြင်းနှင့် စီးပွားရေးကိုအားမပေးခြင်းတို့သည် ဒေသတွင်းစည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကိုခြိမ်းခြောက်နေကြောင်း တရုတ်ဝန်ကြီးချုပ် Li Qiang မှ သတိပေးခဲ့ပါသည်။ ထို့ကြောင့် စည်းလုံးညီညွတ်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုကို ပိုမို ခိုင်မာစေရန် ညှိနှိုင်းဆောင်ရွက်ခြင်းအားဖြင့် တရားဝင်အခွင့်အရေးများကို ကာကွယ်ရန်နှင့် ပိုမိုနက်ရှိုင်းသော ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် တည်ငြိမ်သောတိုးတက်မှုကို မြှင့်တင်ရန်ဟူ၍ တိုက်တွန်းခဲ့ပါသည်။ တရုတ်နိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့်ပူးပေါင်း၍ပြင်ပနှောင့်ယှက်မှုများကိုခုခံပြီး တောက်ပသော အနာဂတ်ဖန်တီးရာတွင် ကောင်းမွန်သောရလာဒ်ကောင်းများဖော်ဆောင်ရန်ဆန္ဒရှိပါကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။

Upgrade ပြုလုပ်ထားသော Protocol သည် ကုန်သွယ်မှုအတားအဆီးများကို ပိုမိုလျှော့ချပေးမည်ဖြစ်ပြီး တရုတ်နိုင်ငံနှင့်အာဆီယံနိုင်ငံတို့ကြား ကုန်သွယ်မှုတိုးမြှင့်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ပေးမည်ဖြစ်ပါသည်။ ကျွမ်းကျင်ပညာရှင်တစ်ဦးမှ အဆိုပါသဘောတူညီချက်သည် ကုန်စည်နှင့်အရင်းအနှီးများပိုမိုလွတ်လပ်စွာ စီးဆင်းနိုင်စေကာ နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် ပွင့်လင်းမျှတသောဈေးကွက်ကိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- https://www.jurist.org/news/2025/10/china-and-southeast-asian-countries-sign-upgraded-free-trade-agreement/

## နိုင်ငံပိုင်နက်ရေပြင် ပြင်ပရှိ ပင်လယ်ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့စွာ အသုံးပြုခြင်းဆိုင်ရာသဘောတူစာချုပ် (Agreement on Marine Biological Diversity of Areas Beyond National Jurisdiction- BBNJ Agreement) အာဏာသက်ဝင်လာခြင်း

BBNJ စာချုပ် (Agreement on Marine Biological Diversity of Areas Beyond National Jurisdiction) ကို "ကမ္ဘာ့သမုဒ္ဒရာစာချုပ်" (Global Ocean Treaty) သို့မဟုတ် "ကမ်းဝေးပင်လယ်စာချုပ်" (High Seas Treaty)ဟုလည်း ခေါ်ဆိုကြပါသည်။ ဤစာချုပ်သည် နိုင်ငံများပိုင်နက်ရေပြင် (National Jurisdiction) ပြင်ပရှိ ပင်လယ်ပြင်များကမ္ဘာ့သမုဒ္ဒရာ၏သုံးပုံနှစ်ပုံခန့်ရှိသော ပင်လယ်ပြင် (High Seas) နှင့် ပင်လယ်ကြမ်းပြင် (Seabed) တို့ရှိ ဇီဝမျိုးစုံမျိုးကွဲများကိုထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ရေရှည်တည်တံ့စွာအသုံးပြုရန်ရည်ရွယ်သည့် သမိုင်းဝင်သဘောတူညီချက်တစ်ခုဖြစ်ပါသည်။

ယင်းနယ်ပယ်များသည် မည်သည့်နိုင်ငံ၏ပိုင်နက်အောက်တွင်မှ အတိအကျမရှိသဖြင့် ယခင်က ကုလသမဂ္ဂပင်လယ်ပြင် ဥပဒေကွန်ဗင်းရှင်း(UNCLOS) က အဓိကလွှမ်းမိုးခဲ့သော်လည်း ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက် လုံလောက်သောလုပ်ငန်းစဉ်များချမှတ်ထားခြင်းမရှိခဲ့သည်ကို တွေ့ရှိရပါသည်။ ရာသီဥတုပြောင်းလဲမှု၊ ပင်လယ်ညစ်ညမ်းမှုနှင့် အလွန်အကျွံငါးဖမ်းဆီးမှုများကြောင့် ပင်လယ်နက်ဇီဝစနစ်များ အကြီးအကျယ်ခြိမ်းခြောက်ခံနေရချိန်တွင် ထိုနယ်ပယ်များအတွက် ပိုမိုပြည့်စုံသော ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုမူဘောင်တစ်ခု လိုအပ်ခဲ့ပါသည်။ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ဆယ်စုနှစ်တစ်ခုကျော်ကြာ ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် ၄-၃-၂၀၂၃ ရက်နေ့တွင် စာချုပ်မူကြမ်းကိုအတည်ပြုနိုင်ခဲ့ပြီး ၁၉-၆-၂၀၂၃ ရက်နေ့တွင် တရားဝင်လက်ခံကျင့်သုံးခဲ့ပါသည်။

BBNJ စာချုပ်သည် အဓိကမဏ္ဍိုင်ကြီး (၄)ရပ်ကို အခြေခံထားပြီး နိုင်ငံပိုင်နက်ရေပြင် ပြင်ပရှိ ပင်လယ်ပြင်များ၏သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုကို ခေတ်မီတိုးတက်အောင် လုပ်ဆောင်ပေးခဲ့သည်ကို တွေ့ရှိရပါသည်။

ပင်လယ်ပြင်မျိုးရိုးဗီဇဆိုင်ရာအရင်းအမြစ်များ (Marine Genetic Resources - MGRs) နှင့် အကျိုးကျေးဇူးများကို မျှတစွာခွဲဝေခံစားခြင်းနှင့်စပ်လျဉ်း၍ ပင်လယ်ပြင်မှရရှိသော ဇီဝမျိုးရိုးဗီဇဆိုင်ရာသတင်းအချက်အလက်များနှင့် အကျိုးကျေးဇူးများကို သုတေသနနှင့်ကူးသန်းရောင်းဝယ်ရေးတို့အတွက် မျှတစွာနှင့်တန်းတူညီမျှစွာခွဲဝေခံစားရေးအတွက် မူဘောင်ချမှတ်ထားသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏လိုအပ်ချက်များကို အထူးအလေးထား ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

နယ်ပယ်အခြေပြုစီမံခန့်ခွဲမှုကိရိယာများ (Area-Based Management Tools - ABMTs)၊ ပင်လယ်ပြင်ထိန်းသိမ်းကာကွယ်ရေးနယ်မြေများ (Marine Protected Areas - MPAs) အပါအဝင် အချက်များကိုချမှတ်ခြင်းနှင့်စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သို့မဟုတ် ဇီဝဆိုင်ရာ ထိလွယ်ရှလွယ်သောနေရာများတွင် ကန့်သတ်ချက်များ သို့မဟုတ် တားမြစ်ချက်များချမှတ်နိုင်ရန် စည်းမျဉ်းများကိုပြဋ္ဌာန်းထားသဖြင့် ပင်လယ်ပြင်ထိန်းသိမ်းကာကွယ်ရေးနယ်မြေများကို တည်ထောင်ရန်နှင့် စီမံခန့်ခွဲရန်လမ်းဖွင့်ပေးပြီး ၂၀၃၀ ခုနှစ်တွင် ကမ္ဘာ့သမုဒ္ဒရာ၏အနည်းဆုံး ၃၀% ကို ထိန်းသိမ်းကာကွယ်ရေးနယ်မြေအဖြစ်သတ်မှတ်ရန် ရည်မှန်းထားသည့် ကမ္ဘာ့ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန်အထောက်အကူပြုထားသည်ကို တွေ့ရှိရပါသည်။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်အကဲဖြတ်ခြင်း (Environmental Impact Assessments - EIAs) နှင့်စပ်လျဉ်း၍ နိုင်ငံပိုင်နက်ရေပြင် ပြင်ပရှိ ပင်လယ်ပြင်များ၏ဇီဝမျိုးစုံမျိုးကွဲများကို သိသာထင်ရှားစွာထိခိုက်စေနိုင်သည့်စီမံကိန်းများ(ဥပမာ- ရေနက်ပိုင်း သတ္တုတူးဖော်ရေး၊ ရေကြောင်းသွားလာမှုစသည်)ကို ဆောင်ရွက်ခြင်းမပြုမီ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်အကဲဖြတ်ခြင်း (EIA) ကို မဖြစ်မနေပြုလုပ်ရန် လိုအပ်ကြောင်းဖော်ပြထားသဖြင့် ပင်လယ်ပြင်ဂေဟစနစ်များကို ကြိုတင်ကာကွယ်ရန်အရေးကြီးသောစာချုပ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

စွမ်းရည်မြှင့်တင်ခြင်းနှင့် ပင်လယ်ပြင်နည်းပညာလွှဲပြောင်းပေးအပ်ခြင်း (Capacity Building and the Transfer of Marine Technology)နှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးဆဲနိုင်ငံများ (အထူးသဖြင့် ကမ်းရိုးတန်းဖွံ့ဖြိုးဆဲနိုင်ငံငယ်များနှင့် ကုန်းတွင်းပိတ်ဖွံ့ဖြိုးဆဲနိုင်ငံများ)သည် စာချုပ်ပါပြဋ္ဌာန်းချက်

များကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော ငွေကြေးအကူအညီ၊ နည်းပညာနှင့် ကျွမ်းကျင်မှုတို့ကိုရရှိစေရန် ရည်ရွယ်ကြောင်း တွေ့ရှိရပါသည်။

BBNJ စာချုပ်သည် နိုင်ငံပိုင်နက်ရေပြင် ပြင်ပရှိဒေသများအတွက်ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့စွာအသုံးပြုရေးဆိုင်ရာပထမဆုံးသော ကမ္ဘာလုံးဆိုင်ရာဥပဒေရေးရာစာချုပ်ဖြစ်လာပြီး ကမ္ဘာ့သမုဒ္ဒရာဂေဟစနစ်များ၏ကျန်းမာရေးနှင့် ရေရှည်တည်တံ့မှုအတွက် အဓိကကျသောခြေလှမ်းဖြစ်ပြီး နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာတရားမျှတမှုအတွက် အထူးအရေးပါသောစာချုပ်ဖြစ်လာသည်ကို တွေ့ရှိရပါသည်။

စာချုပ်သည် နိုင်ငံပေါင်း ၆၀ မှ အတည်ပြုပြီးသည့်နောက် ရက်ပေါင်း ၁၂၀ အကြာတွင် အသက်ဝင်မည်ဖြစ်သည်။ လက်မှတ်ရေးထိုးသည့်နိုင်ငံများနှင့် အတည်ပြုသည့်နိုင်ငံအရေအတွက် တိုးလာစေရန်အတွက် ကုလသမဂ္ဂနှင့်သဘာဝပတ်ဝန်းကျင်အဖွဲ့အစည်းများက ဆက်လက်တွန်းအားပေးဆောင်ရွက်လျက်ရှိရာ စာချုပ်သည် နိုင်ငံတကာ၏ထောက်ခံမှုအားကောင်းစွာရရှိခဲ့ပြီး သတ်မှတ်ထားသော အတည်ပြုနိုင်ငံ(၆၀)ပြည့်မြောက်သွားပြီ ဖြစ်သည်ကို တွေ့ရှိရပါသည်။ ၁၉-၉-၂၀၂၅ ရက်နေ့တွင် မော်ရိုကိုနိုင်ငံသည် ၆၀ မြောက်သော ယင်းစာချုပ်အား အတည်ပြုသည့်နိုင်ငံဖြစ်လာခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံပေါင်း ၆၀ နိုင်ငံပြည့်သည့်နေ့မှ ရက်ပေါင်း ၁၂၀ အကြာဖြစ်သော ၁၇-၁-၂၀၂၆ ရက်နေ့တွင် BBNJ စာချုပ်သည် တရားဝင်အာဏာသက်ဝင်မည်ဖြစ်ပါသည်။ စာချုပ်အာဏာသက်ဝင်လာသည်နှင့်တစ်ပြိုင်နက် ကမ္ဘာ့သမုဒ္ဒရာ၏အကာအကွယ်မဲ့ ပင်လယ်နက်ဒေသများအတွက် ပထမဆုံးတရားဝင်စည်းမျဉ်းဥပဒေများ အသက်ဝင်လာမည်ဖြစ်ပြီး သမုဒ္ဒရာထိန်းသိမ်းရေးသမိုင်းတွင် အဓိကအချိုးအကွေ့တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ<br>
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

- United Nations. (n.d.). *Agreement on Marine Biological Diversity of Areas beyond National Jurisdiction (BBNJ Agreement)*. Retrieved from https://www.un.org/bbnjagreement/en
- UNEP - UN Environment Programme. (2025). *Agreement on Marine Biological Diversity of Areas Beyond National Jurisdiction (BBNJ Agreement)*. Retrieved from https://www.unep.org/resources/agreement-marine-biological-diversity-areas-beyond-national-jurisdiction-bbnj-agreement
- The Global Environment Facility (GEF). (n.d.). *Biodiversity Beyond National Jurisdiction*. Retrieved from https://www.thegef.org/what-we-do/topics/international- waters/bbnj
- European Union (EEAS). (2025, September 22). *Global ocean conservation treaty enters into force*.
- High Seas Alliance. (2025, September 19). *HISTORIC MILESTONE FOR GLOBAL OCEAN PROTECTION: 60th ratification triggers entry into force of High Seas Treaty*.

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၀ ) ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်

## အိန္ဒိယနိုင်ငံ Madras တရားလွှတ်တော်က အိန္ဒိယဥပဒေအရ cryptocurrency ကို တရားဝင်ပိုင်ဆိုင်မှုအဖြစ်အသိအမှတ်ပြုကြောင်း အမိန့်ချမှတ်ခဲ့ခြင်း

Cryptocurrency ဆိုသည်မှာ ကိုင်တွယ်သုံးစွဲနေသောငွေကြေးများမဟုတ်သည့်အပြင် နိုင်ငံများ၊ အစိုးရများက တာဝန်ယူအာမခံပေးထားသည့်ငွေကြေးများလည်းမဟုတ်ဘဲ Online ပေါ်တွင်သာ ပြုလုပ်သည့်အရောင်းအဝယ်ကိစ္စများကိုဖြေရှင်းနိုင်ရန် တီထွင်ထားသည့် ကွန်ပျူတာလျှို့ဝှက်ကုတ်သုံး ငွေကြေးစနစ်တစ်ခုဖြစ်ပါသည်။ အင်တာနက်ဘဏ်စနစ် (Internet Banking)၊ မိုဘိုင်းဘဏ်စနစ် (Mobile Banking)ဟုခေါ်ဝေါ်သုံးစွဲကြသည့်အပြင် ဒီဂျစ်တယ်ငွေကြေး၏အစတွင် Cryptocurrency (သို့မဟုတ်) ဒီဂျစ်တယ်ငွေကြေးဟုပြောလိုက်သည်နှင့် လူအများစုသည် Bitcion ကိုသာ ပြေးမြင်ကြပြီး Bitcion သည် ဒီဂျစ်တယ်ငွေကြေးအစ ကနဦးစတင်ပေါ်ထွက်လာသည့် ငွေကြေးတစ်ခုဖြစ်သော်လည်း လက်ရှိ Bitcion အားအကြောင်းပြု၍ နောက်ဆက်တွဲဈေးကွက်၏ Cryptocurrency အမျိုးအစား ပေါင်း ၁၅၅၀ ကျော်ခန့်ပေါ်ထွက်နေပါသည်။

အိန္ဒိယနိုင်ငံ Madras တရားလွှတ်တော်၏တရားသူကြီး Anand Venkatesh က Cryptocurrency သည် ကိုင်တွယ်၍မရနိုင်သောငွေကြေးဖြစ်ပြီး ဥပဒေအရအသိအမှတ်ပြုထားသော ငွေကြေးမဟုတ်သော်လည်း Cryptocurrency တွင် ပိုင်ဆိုင်မှု(ပစ္စည်း)၏အခြေခံဝိသေသလက္ခဏာရပ်များရှိသည်ဟု ဆုံးဖြတ်ခဲ့ပါသည်။ ပိုင်ဆိုင်မှု(ပစ္စည်း)ဟုဆိုရာတွင် Cryptocurrency သည် (အကျိုးရှိသောပုံစံဖြင့်) ခံစားပိုင်ဆိုင်နိုင်သော ပိုင်ဆိုင်မှုပစ္စည်းတစ်ခုဖြစ်ခြင်း၊ ၎င်းကို ယုံကြည်မှုဖြင့် ထိန်းသိမ်းထားနိုင်ခြင်း၊ Cryptocurrency သည် ပိုင်ဆိုင်မှုအမျိုးအစားတစ်မျိုးဖြစ်ပြီး ကိုယ်ပိုင်သော့(Private Keys) များမှ တစ်ဆင့် အပြည့်အဝ ID ခွဲခြားသတ်မှတ်နိုင်ခြင်း၊ တစ်ဦးမှတစ်ဦးထံလွှဲပြောင်းနိုင်ခြင်းနှင့် ထိန်းချုပ်နိုင်ခြင်းတို့ပြုလုပ်နိုင်သည့်ပိုင်ဆိုင်မှု(ပစ္စည်း)၏ အခြေခံဝိသေသလက္ခဏာရပ်များရှိသည်ဟု အမိန့်ချမှတ်ခဲ့ပါသည်။

Madras တရားလွှတ်တော်က တရားရုံးချုပ်(Supreme Court’s)၏ဆုံးဖြတ်ချက်များဖြစ်သည့် “Ahmed GH Ariff vs CWT” နှင့် “Jilubhai Nanbhai Khachar vs State of Gujarat”

အမှုများတွင်ဆုံးဖြတ်ခဲ့သည့် "အိန္ဒိယနိုင်ငံတရားရုံးများသည် အိန္ဒိယနိုင်ငံတွင်တည်ရှိသောနိုင်ငံသားများ၏ပစ္စည်းများကိုကာကွယ်ရမည်"ဟူသည့် ဆုံးဖြတ်ချက်ကိုကိုးကား၍ ထည့်သွင်းဆုံးဖြတ်ခဲ့ပါသည်။ Cryptocurrency ဆိုသည့် ဒစ်ဂျစ်တယ်ငွေကြေးသည် အိန္ဒိယနိုင်ငံ၏ ၁၉၆၁ ခုနှစ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၂(၄၇က) အရ "virtual digital asset"၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အတွင်း ကျရောက်ပြီး လောင်းကစားငွေကြေးအဖြစ် မသတ်မှတ်ကြောင်းလည်း တရားလွှတ်တော်က ထောက်ပြခဲ့ပါသည်။ ယင်းသို့ဆုံးဖြတ်ရခြင်းမှာ အသုံးပြုသူ၏ရင်းနှီးမြှုပ်နှံမှုကို crypto အဖြစ် ပြောင်းလဲပြီး ရောင်းဝယ်ဖောက်ကားနိုင်ခြင်း၊ သိမ်းဆည်းခြင်းနှင့် ရောင်းချခြင်းတို့ ပြုလုပ်နိုင်သောကြောင့်ဖြစ်ပါသည်။

သို့ဖြစ်ရာ ငွေကြေးဆိုသည်မှာ မိမိတို့၏ယုံကြည်မှုအား အပ်နှံထားသည့်အရာတစ်ခုအဖြစ် လက်ခံထားကြသည်။ ငွေပေးချေမှုပြုလုပ်တိုင်းတွင် လူအများစုသည် ငွေသား(Cash)ဖြင့်သာ ပေးချေချင်ကြသည့်ဓလေ့မှသည် ငွေကြေးသုံးစွဲမှုဆိုင်ရာနည်းပညာများ (Financial Technology) မြင့်မားလာသည်နှင့်အမျှ သမရိုးကျ ငွေကြေးဝန်ဆောင်မှုများအား ခေတ်မီနည်းပညာများနှင့် အစားထိုးကာ ဘဏ်စနစ်များ တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာသည့်အခါ ငွေသားအစား Cheque လက်မှတ်အစားထိုးသုံးစွဲလာကြပြီး နောက်ပိုင်းတွင် Credit & bit Card၊Prepaid Card၊ MPU Card၊ Master Card ၊ Union Pay Card စသည့် ပုံစံမျိုးစုံဖြင့် ပေးချေလာခဲ့ကြပါသည်။ နည်းပညာများ မြင့်မားလာသည်နှင့်အမျှ ပေါ်ပေါက်လာသော ဒီဂျစ်တယ်ငွေကြေးဖြစ်သည့် Cryptocurrency သည် ကမ္ဘာပေါ်တွင် တရားဝင်ဈေးကွက်ဝင်ရန်ကြိုးစားနေသည့်အဆင့်၌ရှိနေသေးကြောင်း သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

- https://bsi.gov.mm/index.php/2018/12/06/article3/
- https://www.cnbctv18.com/market/cryptocurrency/madras-high-court-recognises-cryptocurrency-as-property-under-indian-law-19727109.htm

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၀ ) ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

